**အမှတ်စဉ်။_ _ _ _ _**

သို့

**ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ**

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

**ရုံးအမှတ် (၃၃) ၊ နေပြည်တော်**

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ( )ရက်

**အကြောင်းအရာ။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် ဈေးနှုန်းတင်သွင်းခြင်း**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ www.tourism.gov.mm နှင့် www.tourisminmyanmar.com.mm တို့၏ လုံခြုံမှုပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ CMS စနစ်များ ပုံမှန် Update ဖြစ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း နှင့်ပတ်သက်၍ ထုတ်ပြန်ထားသော စည်းကမ်းများအတိုင်း သိရှိလိုက်နာပြီး အောက်ပါဈေးနှုန်းလွှာ ကိုတင်သွင်းအပ်ပါသည် -

၁။ ကုမ္ပဏီအမည် ..........................................................

၂။ ကုမ္ပဏီ/လုပ်ငန်းလိုင်စင် မှတ်ပုံတင်အမှတ် ..........................................................

(ကုမ္ပဏီ/လုပ်ငန်းဆိုင်ရာအချက်အလက်များကို

ပူးတွဲဖော်ပြရန်ဖြစ်ပါသည်။)

၃။ ပိုင်ရှင်အမည် ..........................................................

၄။ ပိုင်ရှင်မှတ်ပုံတင်အမှတ် ..........................................................

၅။ ဆက်သွယ်ရန်လိပ်စာ ..........................................................

၆။ ဖုန်းနံပါတ် ..........................................................

၇။ Email ……………………………..……………...



၈။ စျေးနှုန်း (Withholding tax (၂%)နှင့်

Commercial tax (၅%)အပါအဝင်) ……………………………………………….

၉။ လုပ်ငန်းအတွေ့အကြုံ ……………………………………………….

……………………………………………….

၁၀။ လုပ်ငန်းဆောင်ရွက်မည့်အဆိုပြုစီမံချက်

ပါဝင်ခြင်း (အသေးစိတ် အချက်အလက်အပြည့် ............ရှိ / မရှိ............

အစုံကို ပူးတွဲဖော်ပြရန်ဖြစ်ပါသည်။)

လက်မှတ် ……..………………………………

အမည် ………………………………………

ရာထူး ………………………………………

ဖုန်းနံပါတ် ………………………………………

## တင်ဒါဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ ဖော်ပြခြင်း

တင်ဒါတင်သွင်းသော ကုမ္ပဏီများသည် အောက်ဖော်ပြပါ တင်ဒါဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်–

၁။ တင်ဒါတင်သွင်းသော ကုမ္ပဏီအမည်/ ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင်အမှတ်/ စည်ပင် လုပ်ငန်းလိုင်စင်မှတ်ပုံတင်)၊ ပိုင်ရှင်/ MD အမည်နှင့် မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရမည်။

၂။ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/– ကျပ်နှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီသည် Websiteများ၏ လုံခြုံမှုပိုင်းဆိုင်ရာကိစ္စရပ်များ ၊ CMS စနစ်များ ပုံမှန် Update ဖြစ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက် ပေးမည့် အဆိုပြုစီမံချက် အသေးစိတ်အချက်အလက်များကို ဈေးနှုန်းလွှာနှင့်အတူ ပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။ ထပ်မံ ပြောင်းလဲခွင့်မရှိပါ။

၄။ အဆိုပြုဈေးနှုန်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလ (Price Validity)သည် အဆိုပြုလွှာ တင်သွင်းသည့်အချိန်မှလုပ်ငန်းဆောင်ရွက်ပြီးစီးမည့်ကာလအတွင်း တည်မြဲမှုရှိစေရမည်။

၅။ ဈေးနှုန်းတင်သွင်းသည့်အခါ ပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည် (သို့) ကုမ္ပဏီအမည်ဖြင့် သာ တင်သွင်းရပါမည်။

၆။ လုပ်ငန်းရှင်တစ်ဦးက ကုမ္ပဏီခွဲများ တည်ထောင်ထားလျှင် ဤလုပ်ငန်းအတွက် တင်ဒါ တစ်ခုသာပေးသွင်းခွင့်ရှိပါမည်။

၇။ အဆိုပြုဈေးနှုန်းတန်ဖိုး၏ ၅% အား တင်ဒါတင်သွင်းသည့်နေ့တွင် အဆိုပြုလွှာနှင့်အတူ ပူးတွဲပေးသွင်းရပါမည်။ ရွေးချယ်ခြင်းမခံရပါက ပြန်လည်ထုတ်ပေးပါမည်။

၈။ တင်ဒါအောင်မြင်သူသည် အဆိုပြုဈေးနှုန်းတန်ဖိုး၏ ၁၀%အား တင်ဒါအောင်မြင်သည့် နေ့မှ တစ်ပတ်အတွင်းပေးသွင်းရပါမည်။ ၁၀% ပေးသွင်းပြီးပါက မူလတင်သွင်းထားသည့် ၅% အား ပြန်လည်ထုတ်ပေးပါမည်။

၉။ နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ/ လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

၁၀။ ဈေးနှုန်းဖွင့်ဖောက်စိစစ်သည့်နေ့တွင် လာရောက်သည့်လုပ်ငန်းရှင် (သို့) ကိုယ်စားလှယ် သည် အဆိုပြုလွှာနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးနိုင်သူ ဖြစ်ရမည်။

၁၁။ လုပ်ငန်းစီမံချက်ပါ အသေးစိတ်အချက်အလက်များနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်ကိုက်ညီမည့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကို လိုအပ်ပါက ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်။

၁၂။ တင်ဒါကော်မတီ၏ စိစစ်ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များသာ အတည်ဖြစ်ပါသည်။

၁၃။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည် တင်ဒါကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး လုပ်ငန်းအပ်နှံမှုစာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ ၃၀-၉-၂၀၂၀ ရက်နေ့အထိ Website များ၏ လုံခြုံမှုပိုင်းဆိုင်ရာကိစ္စရပ်များ ၊ CMS စနစ်များ ပုံမှန် Update ဖြစ်စေရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရမည်။ သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ပျက်ကွက်ခဲ့မှုအတွက် တစ်ရက်လျှင် ဒဏ်ကြေး (၁၀၀၀၀/-)ကျပ် ပေးသွင်းရပါမည်။

၁၄။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည် လုပ်ငန်းအောင်မြင်စွာဆောင်ရွက်ပြီး အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှစိစစ်၍ ထောက်ခံအတည်ပြုချက် ရရှိပြီးမှသာ လုပ်ငန်းပြီးဆုံးကြောင်းလက်ခံရမည်။

၁၅။ တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် နည်းပညာဆိုင်ရာသင်တန်းများကို လိုအပ်သလို ပို့ချပေးရပါမည်။

၁၆။ တင်ဒါပေးသွင်းမှုအား ၆-၁၂-၂၀၁၉ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်အချိန်နောက်ပိုင်းမှ လာရောက်ပေးသွင်းသည့် တင်ဒါများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

တင်ဒါကော်မတီ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန